


# Social network တွေကြားက လူငယ်များ

လူဆိုတာ တစ်ယောက်စီမနေနိုင်တဲ့ သတ္တဝါတွေပဲလို့ ဆိုစမှတ်ရှိခဲ့တယ်တဲ့။ အဆိုတော်ကြီး စိုင်းထီးဆိုင်ရဲ့ သီချင်းလေးပေါ့။ မှန်သလား၊ မှားသလားဆိုတာ ဒီနေ့ခေတ်လူငယ်တွေကိုပဲ ကြည့်ပါဦး။ လူချင်း မတွေ့နိုင်ကြရင်တောင်မှ internet မှာ ဆုံနေကြတာများ internet cafe တွေမှာ လူတွေကို စည်လို့။ သုံးလိုက်ကြတာမှ ပေါင်းကိုစုံနေတာပဲ။ Email၊ chatting၊ facebook တွေလည်း မလွတ်စေရဘူး။ Blog တွေ၊ forum တွေမှာလည်း ပါလိုက်သေးတယ်။ ကျေးစေတမန်နဲ့ လွမ်းစာခွေ အမှာတော် ပါးရတဲ့ခေတ်ကနေ email နဲ့ chatting ခေတ်ကို ရောက်။ မျက်နှာချင်း လမင်းမှာ ဆုံမယ်ကနေ online မှာ webcam နဲ့ တွေ့မယ့်ခေတ်ကို ရောက်ကုန်ပြီ။ ခေတ်တွေ ဘယ်လိုဘဲပြောင်းပြောင်း၊ နည်းပညာတွေ ဘယ်လိုပဲ တိုးတက်တိုးတက်၊ လူသားတွေရဲ့ အပေါင်းအဖော်လေးနဲ့မှ ပျော်တတ်တာကတော့ အရင်ကလည်း ဒီလိုပဲ၊ အခုလည်း ဒီလိုပါပဲ။

## Social networking ဘယ်ကစ

အများသူငါ သုံးစွဲနေကြတဲ့ facebook သုံးမှပဲ social networking ဖြစ်ရတော့မှာလား။ ဟိုးရှေးပဝေသဏီကတည်းက ရှိလာခဲ့ကြတဲ့ လူမှုအဖွဲ့အစည်းတွေကတော့ social network တွေ မဟုတ်ဘူးလား။ နည်းပညာတွေသုံးပြီး internet နဲ့ ဆက်သွယ်မှပဲ communication ဖြစ်ရောလား။ တစ်ရွာနဲ့ တစ်ရွာ အုန်းမောင်းခေါက် အချက်ပေးတာတွေ၊ မီးခိုးနဲ့ အချက်ပြတာတွေကရော communication မဖြစ်ရတော့ဘူးလား။ တကယ်တမ်းတော့ လူသားတွေရဲ့ အစုအဖွဲ့နဲ့ နေချင်ကြတဲ့ဆန္ဒ၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သတင်း စကားကြားချင်ကြတဲ့ လိုအင်တွေကြောင့်သာ ဒီလိုဆက်သွယ်ရေးနည်းပညာတွေ ပေါ်ထွန်းတိုးတက်လာရတာပါ။

ပြောင်းလဲလာတဲ့ ဆက်သွယ်မှုပုံစံတွေပေါ်လိုက်ပြီး လူသားတွေရဲ့ အစုအဖွဲ့ပုံစံတွေကလည်း လိုက်ပါပြောင်းလဲလာရပါတယ်။ အရင်လိုမျိုး တစ်ရွာတည်း၊ တစ်မြို့တည်းမှာပဲ အတူရှိနေကြတဲ့ပုံစံကို လွန်ဆန်ပြီး ရေခြားမြေခြားဆိုတဲ့ ကန့်သတ်ချက် အတားအဆီးတွေကို လွန်မြောက်သွားတဲ့ အစုအဖွဲ့ပုံစံတွေ ဖြစ်သွားပါပြီ။ ဒီနေ့ internet ခေတ်မှာ မွေးဖွားလာသူတွေ အဖို့တော့ အထူးအဆန်းမဟုတ်ပေမယ့် အဖေတို့၊ အမေတို့ ခေတ်နဲ့ ယှဉ်ရင်တော့ အတော်လေး မျက်စိစပါးမွေး စူးချင်စရာ ဖြစ်ရပါတယ်။ 'လူချင်းမတွေ့ဖူးဘဲနဲ့များ သူငယ်ချင်းဖြစ်ရသလား' ဆိုတာတွေ မကြားချင်မှ အဆုံးပါ။ မိဘတို့ရဲ့မေတ္တာ ချစ်ခြင်းမေတ္တာစိတ်ကြောင့် ကိုယ့်သားသမီးလေး မဖြစ်သင့်တာ မဖြစ်ရအောင် 'မကောင်းမြစ်တား' လုပ်ပေးချင်တာ သဘာဝပါ။ အဲဒီတော့ internet ဆိုတဲ့ social network ကြီးကို ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ ရှောင်ရှားပြီး ဘယ်လိုများ အကျိုးရှိရှိ သုံးလို့ရနိုင်ပါ့မလဲ။

## မမြင်ရတဲ့ အန္တရာယ်

ငယ်ငယ်တုန်းက အပေါင်းအသင်းဖြစ်ခဲ့ပြီး ကြီးလာတော့ ဘဝကြင်ဖော်တွေဖြစ်သွားကြတဲ့ 'ငယ်ပေါင်းကြီးဖော်' တွေကတော့ အဖေ၊ အမေတို့ခေတ်ရဲ့ လွမ်းဆွတ်စရာ ဇာတ်လမ်းပမာလေးတွေပေါ့လေ။ 'ဘယ်သူဘယ်ဝါ့သားသမီးက ဘယ်လိုပေါ့၊ သူတို့ဆွေမျိုးထဲက ဘယ်သူက ဘာဖြစ်နေတာ' ဆိုတာမျိုးတွေနဲ့ နှစ်ဖက်ဆွေမျိုးတွေရဲ့ အူမချေးခါးကအစ အကုန်သိထားကြတာမို့ စိတ်အခန့်မသင့်လို့များ လင်မယားရန်ဖြစ်ကြရင် နှစ်ဖက်အမျိုးရဲ့ ငယ်ကျိုးငယ်နာတွေ ဖော်နေလိုက်ကြတာများ ဇာတစ်ဆောင်ပေတစ်ဖွဲ့ ရေးလောက်ပါပေရဲ့။ မွေးကတည်းကနေ






သေတဲ့အထိ ဒီမြို့ ဒီရွာ ဒီအသိုင်းအဝိုင်းထဲမှာပဲ ကျင်လည်ခဲ့ကြတဲ့ လူနေမှုပုံစံကနေ ရေကြည်ရာ၊ မြက်နုရာ စီးပွားရှာဖွေလုပ်ကိုင်စားသောက်ရတဲ့ အခြေအနေကြီးထဲမှာ ဖူးစာဆုံလာကြသူတို့အဖို့ ဘယ်လိုလုပ်ပြီး ငယ်ကျွမ်းဆွေဖြစ်နိုင်ပါ့မလဲ။ ရိုးရိုးသားသားနဲ့ သစ္စာထားသူတွေလည်းရှိသလို 'တစ်ခြံကွယ်တစ်မယ်မွေ့' သူတွေလည်း မနည်းလှပါဘူး။ လူချင်းမျက်နှာချင်းဆိုင်တွေ့ပြီး ပြောဆိုဆက်ဆံနေရရင် စကားထဲက ဇာတိပြတာမျိုး အကဲဖမ်းလို့ ရပါသေးတယ်။ Online ပေါ်မှာပဲ တွေ့ဆုံ ရင်းနှီးဖူးတာဆိုရင်တော့ လူဆိုးလား၊ လူကောင်းလား ခွဲခြားနိုင်ဖို့ အတော်ခက်သွားပါပြီ။ 'On the internet, nobody knows who is dog.' ဆိုတာမျိုးလည်းရှိပါတယ်။ တကယ့်ခွေးကြီးက internet ပေါ်တက်ပြီး chatting လုပ်နေတာကို ပြောတာမဟုတ်ပါဘူး။ လူ့အသိစိတ်ဓာတ်မရှိတဲ့ လူ့တိရစ္ဆာန်တွေကို သတိထားဖို့ ပြောတာပါ။

ဒီလိုပြောလို့ internet ပေါ်မှာ လူဆိုးတွေချည်းရှိနေတာ မဟုတ်ပါဘူး။ အကောင်းအဆိုး ဒွန်တွဲနေတဲ့ သဘာဝကြောင့် သတိပေးနေရတာပါ။ နည်းပညာကိုခုတုံးလုပ်ပြီး တစ်ယောက်နဲ့တစ်ယောက် အမှန်အတိုင်းမပြောဘဲ ဖုံးကွယ်ထားနိုင်တဲ့ အခြေအနေကို အသုံးချ အမြတ်ထုတ်သွားမှာ စိုးရိမ်ရလို့ပါ။

## မြင်နေရတဲ့ အခွင့်အရေး

ကမ္ဘာ့နေရာ အသီးသီးက လူမျိုးပေါင်းစုံ တွေ့ဆုံနိုင်တဲ့ internet ပေါ်မှာ ဘာသာစကား လေ့လာနေသူတွေ၊ နည်းပညာ လေ့လာနေသူတွေအဖို့တော့ တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်သူတွေ စုဝေးကြတဲ့ forum တွေထဲမှာ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်မဆွေးနွေးနိုင်သေးရင်တောင်မှ အများတကာ နှီးနှောဖလှယ်ထားတာတွေကို ဝင်ဖတ်ရုံနဲ့တင်ပဲ နိုင်ငံရပ်ခြားမှာ ငွေကုန်ကြေးကျခံပြီး ကျောင်းသွားတက်သူတွေနဲ့မခြား အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတွေ ရရှိနိုင်ပါတယ်။

ကိုယ်နားမလည်တဲ့အချက်တွေကိုလည်း forum ပေါ်မှာ တက်မေးထားရင် တတ်သိနားလည်သူ တစ်ယောက်မဟုတ်တစ်ယောက်က အခမဲ့ ဝင်ရောက်အကြံဉာဏ်ပေးသွားပါလိမ့်မယ်။ အဲဒီလူဟာ ဖြူသလား၊ မဲသလား၊ အသက်ကြီးလား၊ အသက်ငယ်လား၊ ဘယ်မှာနေတာလဲ စတာတွေကို သိစရာမလိုဘဲ ကိုယ်လိုချင်တဲ့ အဖြေကို ရနိုင်ပါလိမ့်မယ်။ ဒီနေ့ခေတ်ရဲ့ ပညာရေးပုံစံက အခြေခံအပိုင်းလောက်ပဲ ဆရာလုပ်သူက သင်ကြားပေးနိုင်ပြီး ရှေ့ဆက် ဘယ်လိုလေ့လာရမယ်ဆိုတဲ့ အဓိကကျတဲ့ အချက်ကိုတော့ ကျောင်းသားကိုယ်တိုင် ဆက်လုပ်သွားနိုင်အောင် လေ့ကျင့်ပေးတဲ့ life long learning ပုံစံ ဖြစ်သွားပါပြီ။

ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ အခြေခံအချက်အလက်လေးတွေကို ဆုပ်ကိုင်ပြီး အပြောကျယ်လှတဲ့ internet ကြီးထဲမှာ မဆုံးနိုင်တဲ့ ပညာရပ်တွေကို ဆက်လက်လေ့လာ သင်ယူကြရပါတယ်။ ဒီလို ပညာခေတ်ကြီးမှာ internet လေးမှ ကျွမ်းကျွမ်းကျင်ကျင် အသုံးမချတတ်ရင် လိပ်ကို



ပက်လက်လှန်ထားသလို ယက်ကန်ယက်ကန်ဖြစ်နေမှာ အသေအချာပါပဲ။

## အကျိုးနဲ့ အပြစ် ဘယ်ဟာကပိုများ

လူမျိုးပေါင်းစုံ အုတ်ရောရော ကျောက်ရောရော ပါဝင်နေကြတဲ့ internet ကြီးထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေးတွေရှိနေသလို တစ်ဖက်ကလည်း မသမာသူတွေရဲ့ အန္တရာယ်က ရှိနေပါတယ်။ ဒီလို အခြေအနေမျိုးမှာ မြန်မာပြည်က မိဘတွေတင်မကပါဘူး၊ နိုင်ငံတကာက မိဘတွေကလည်း သူတို့ရဲ့ သားသမီးလေးတွေကို စိုးရိမ်မှုတွေ ရှိနေကြပါတယ်။ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်နေတဲ့ ကိစ္စမို့လို့ နိုင်ငံတကာက ပညာရှင်တွေလည်း စနစ်တကျ research လုပ်ထားတာတွေ ရှိပါတယ်။

ကလေးသူငယ်တွေရဲ့ ကျန်းမာရေးကို အထူးပြုထားတဲ့ American Academy of Pediatrics အဖွဲ့ကြီးရဲ့ *http://pediatrics.aappublications.org/cgi/reprint/peds.2007-0693v1* မှာ တင်ထားတဲ့ research paper တစ်ခုမှာ internet ကို အသုံးချပြီး ကလေးသူငယ်တွေကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတွေကို သုတေသနပြုထားပါတယ်။ လုပ်ထုံးလုပ်နည်းကိုတော့ စိတ်ဝင်စားတဲ့ ပညာရှင်တွေ ကိုယ်တိုင်ကိုယ်ကျ ဝင်ဖတ်နိုင်ကြတာမို့ ဒီနေရာလေးမှာတော့ သူ့ရဲ့ conclusion အပိုင်းကိုပဲ ပြန်လည်ဖော်သည်ချလိုက်ပါတယ်။

### CONCLUSION

Broad claims of victimization risk, at least defined as unwanted sexual solicitation or harassment, associated with social networking sites do not seem justified. Prevention efforts may have a greater impact if they focus on the psychosocial problems of youth instead of a specific internet application, including funding for online youth outreach programs, school antibullying programs, and online mental health services.




Social networking တွေသုံးလို့ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတွေ ပေါများလာရတယ်ဆိုတာ မှန်ကန်တဲ့ သုံးသပ်ချက်တစ်ခု မဟုတ်ဘူးလို့ ဆိုပါတယ်။ လူငယ်တွေရဲ့ ပေါင်းသင်းဆက်ဆံရေးပြဿနာတွေကို အဓိက အာရုံထား ဖြေရှင်းတာဟာ internet မသုံးဖို့ ပိတ်ပင်တာထက် ပိုမိုထိရောက်မှု ရှိတယ်လို့ ဆိုပါတယ်။ လူငယ်တွေပါဝင်နိုင်တဲ့ လူမှုရေးလှုပ်ရှားမှုတွေ၊ ကျောင်းတွေမှာ ကျောင်းသားအချင်းချင်း အနိုင်ကျင့်တာကို ကာကွယ်တားဆီးနိုင်မယ့် နည်းလမ်းတွေ၊ လူငယ်တွေရဲ့ စိတ်ကျန်းမာရေးအတွက် ဝန်ဆောင်မှုတွေ စတဲ့ နည်းလမ်းတွေနဲ့ ကာကွယ်တားဆီးနိုင်ပါတယ်လို့ အကြံပေးထားပါတယ်။

## မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်

လူကြီးနဲ့လူငယ် အမြင်ချင်းမတူကြတာ ဟိုးရှေးရှေးတုန်းကတည်းက ရှိပါတယ်။ ဘာဖြစ်လို့ generation gap ဖြစ်ရတာလဲဆိုတော့ တိုးတက်ပြောင်းလဲမှုတွေ ရှိလို့ပါ။ ဒီနေ့ခေတ်လိုမျိုး နည်းပညာထွန်းကားတဲ့ခေတ်မှာ တိုးတက်မှုနှုန်းကလည်း မြင့်မားသလောက် generation gap ကြီးကလည်း ပိုမိုကြီးမားပါတယ်။ မိဘတွေဘက်ကလည်း လိုအပ်သလို ပံ့ပိုး

ပေးရုံ၊ စိတ်ပူပေးရုံကလွဲလို့ နည်းပေးလမ်းပြ ညွှန်ကြားပေးနိုင်ဖို့ မလွယ်ကူလှပါဘူး။ သားသမီးတွေဘက်ကလည်း အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးကို အမီလိုက်နိုင်ဖို့ ကြိုးစားကြရာမှာ ဘယ်နည်းဘယ်ပုံ လုပ်ရမယ်ဆိုတာ မဝေခွဲနိုင်ကြပါဘူး။




အဲဒီတော့ ဒီနေ့ခေတ်လူငယ်တွေက အချင်းချင်းဆီကပဲ အပြန်အလှန် လေ့လာသင်ယူကြရပါတယ်။ ဆိုလိုတာက အပေါင်းအသင်းတွေရဲ့ စကားဆိုရင် မိဘတွေရဲ့စကားထက် ပိုနားဝင်ပါတယ်။ ဒါကြောင့် အကျင့်စရိုက်ကောင်းတဲ့ အပေါင်းအသင်း အသိုင်းအဝိုင်းထဲမှာရှိနေဖို့ အရမ်းအရေးကြီးပါတယ်။ ကိုယ့်သားသမီးက ရင်းရင်းနှီးနှီး ပေါင်းသင်းနေသူတွေက အကျင့်စာရိတ္တကို တန်ဖိုးထားတတ်သူတွေလား၊ ပညာရေးကို အလေးထား ကြိုးစားသူတွေလားဆိုတာ အမြဲမပြတ် သတိထား စောင့်ကြည့်သင့်ပါတယ်။ မြန်မာပြည်က လူငယ်တွေအဖို့ ကံကောင်းတာကတော့ ခေတ်တွေ ဘယ်လိုပဲပြောင်းပြောင်း ချစ်စရာကောင်းတဲ့ မြန်မာ့ယဉ်ကျေးမှုပုံစံကြောင့် မိဘနဲ့သားသမီး ဆက်ဆံရေးကတော့ နွေးထွေးရင်းနှီးနေဆဲပါပဲ။

တခြားနိုင်ငံတွေမှာဆို မိဘက သားသမီးကို ပစ်ပယ်၊ သားသမီးက မိဘကို မလေးစားလို့ စကားတောင် ရှည်ရှည်ဝေးဝေးပြောဖို့ ခက်ခဲတာမို့ ပြောဆိုဆုံးမဖို့ဆိုတာကတော့ ဝေလာဝေးပါပဲ။ အပေါင်းအသင်းမှားနေပြီထင်ရင် မိဘတွေ




အနေနဲ့ သားသမီးတွေ နားလည်လက်ခံလာအောင် consultation လုပ်သင့်ပါတယ်။ အတင်းအကျပ် အမိန့်ပေးခိုင်းစေတာမျိုးဆိုရင် သူငယ်ချင်းတွေဘက်ကို အလေးသာသွားနိုင်ပါတယ်။ စွန့်စားမှုကို ခုံမင်တတ်တဲ့ လူငယ်စိတ်ကြောင့် တားမြစ်ထားတာကို ဖောက်ဖျက်ရတာကို သူရဲကောင်းကြီးအဖြစ် မြင်သွားရင် ပြန်ကောင်းလာဖို့ ဝေးသွားပါပြီ။

အခုအချိန်မှာ ပရဟိတလုပ်ငန်းတွေ လူငယ်တွေကြားမှာ ခေတ်စားလာတာ အရမ်းကိုကောင်းတဲ့ အခွင့်အရေးပါပဲ။ မွန်မြတ်သန့်စင်တဲ့ စိတ်ရင်းခံနဲ့ အများအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီစောင့်ရှောက်ပေးဖို့ ဝါသနာပါသူတွေ စုဝေးထားတာဖြစ်တဲ့အတွက် 'ရတနာရှိရာ ရတနာလာ' မှာပါ။ ဒီလိုနေရာမှာ စုဝေးမိကြတဲ့ လူငယ်လေးတွေကလည်း social networking တွေကို အသုံးချပြီး ဆွေးနွေးတိုင်ပင်တာတွေ၊ အချိန်းအချက်တွေ လုပ်နေကြတာဆိုတော့ internet ကို ဘယ်လိုအသုံးချရမယ်ဆိုတာ အထူးတလည် ပြောနေစရာ မလိုတော့ပါဘူး။

နောင်တစ်ခေတ်မှာ ထွန်းတောက် အောင်မြင်နေမယ့်သူတွေကလည်း ဒီလိုလူငယ်မျိုးတွေကပဲ ပေါ်ထွန်းလာမှာမို့လို့ သင့်တော်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုလည်း မမှားပါဘူး။ ဒီလိုမှန်ကန်တဲ့ နည်းလမ်းမျိုးနဲ့ social networking ကို အသုံးချနေကြတဲ့ style က တကယ်လန်းတဲ့ လူငယ် style ဖြစ်ပါတယ်။ Chatting မှာပဲ လမ်းဆုံးနေတဲ့သူတွေ က 'တောသား မြို့ရောက်' style နဲ့ သုံးနေကြသူတွေပါ။ အသိဉာဏ်ရှိတဲ့ လူငယ်တွေကတော့ တကယ်လန်းတဲ့ style နဲ့ပဲ internet သုံးချင်ကြမယ်ဆိုတာ အသေအချာပါပဲ။ ■

သန်းဝင်း BE (Electronics)